# ကဗဋ္ဌီကာရော - အာဟာရ

ခင်ပို
ရွှေဘိုမြို့၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး

မြန်မာ့တိုင်းရင်းဆေးပညာတို့သည် ဗုဒ္ဓ၏ အဘိဓမ္မာကို အခြေခံသော ဆေးပညာဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့သော သဗ္ဗေသတ္တာအာဟာရဋ္ဌိတိကာဆိုသည့်""သတ္တဝါမှန်သမျှအစာ မူလ"" ဆိုသည်ကို အလေးအနက်ထားကြရမည် ဖြစ်ပါသည်။ အစာအဟာရမှာလည်း ရုပ်အဟာရနှင့် နာမ်အဟာရ ဟူ၍ ၂ မျိုးလိုအပ်ပါသည်။ ရုပ်အာဟာရသည် နေ့စဉ်စားသုံးနေသော၊ သောက်နေသော၊ ကြည့်နေသော၊ နားထောင် နေသော၊ ထိတွေ့နေသော အာရုံငါးပါးတို့ ဖြစ်သည်။ နာမ်အာဟာရကိုမူ မြတ်စွာဘုရားရှင်က ""ဒီဃနိကယ်စက္ကဝတ္တိသုတ်"" တွင် ရဟန်းတို့-ငါ၏သာသနာတော်၌ ရဟန်းသည် ဣဒ္ဓိပါဒ်တ ရားလေးပါးကို ပွားများခြင်း၊ အဖန်ဖန်လေ့လာပြုခြင်းတို့ကြောင်း အလိုရှိခဲ့သော် အာယုကပ် အကြွင်းပတ်လုံး တည်နေနိုင်၏ ဤကားရဟန်းတို့၏ အသက်ရှည်ကြောင်းတည်းဟု ဟောတော် မူခဲ့ပါသည်။ မြတ်စွာဘုရားရှင်က လူတို့မှာမူကား သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာ ဟူသည်နှင့် အညီ အားလုံးသော သက်ရှိသတ္တဝါမှန်သမျှတို့သည် အစာအာဟာရသာလျှင် အရင်းမူလ ရှိကုန် ၏။ ဖြစ်စသတ္တဝါ၊ ဖြစ်ဆဲသတ္တဝါ၊ ဖြစ်ပြီးသတ္တဝါ တို့ကိုအစာအာဟာရကသာ ချီးမြှောက်ထောက်ပံ့ခြင်းဖြစ်သည်ဟု ဟောတော်မူပါသည်။ ယင်းအစာအာဟာရကိုသာလျှင် ထူးခြားတတ်သိသော အသိဉာဏ်ဖြင့် ထိုးထွင်း သိမြင်လျှင် နာမ်(၂)ပါး ဝေဒနာ(၃)ပါး အာဟာရ(၄)ပါး တို့ကိုပိုင်းခြားသိမြင်ကာ ယခုဘဝတွင် ပင်လျှင် မအိုရာ၊ မနာရာ၊ မသေရာ အမြိုက် နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်သည်ဟု ဝန်ခံပြီးဟောတော် မူပါသည်။ မည်သည့်ရောဂါကို မည်သည့် ဆေးဝါးဖြင့်ကုသ-ကုသ စားသင့်သောအစားအစာကိုမစားဘဲ မစားသင့်သော အစားအစာကိုစားပါက ရောဂါမပျောက်ကင်းနိုင်ပါကြောင်း၊ နှစ်ပေါင်း(၅၀) ကျော်ဆေးကုသခဲ့သော ဤစာတမ်း ရှင်၏ အတွေ့အကြုံများအရ မြန်မာ့တိုင်းရင်းဆေးဆရာများ (ဘဝတူ)အား အကြံပြုထားခြင်းဖြစ်ပါသည်။ သမားစဉ်သုံးခဲ့သောဆေးဖုံများကိုသာ သုံးလိုပါက သုံးနိုင်ကြစေရန် မေတ္တာအနန္တဖြင့် ဖော်ပြထားပါသည်။